# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# ငါးလုပ်ငန်းဦးစီးဌာန

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit–CPU)၏
## လုပ်ငန်းလမ်းညွှန်(Terms of Reference – TOR)

### နိဒါန်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုနှင့်အတူ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အခန်း(၂)နှင့် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန်ဖြစ် ပါသည်။

၂။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက် ခြင်းဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းသည် အစိုးရဌာနအဖွဲ့အစည်းများ၏ ဖြောင့်မတ်တည်ကြည်မှု၊ နိုင်ငံရေးအရ ဂုဏ်သိက္ခာရှိစေမှုနှင့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဘဏ္ဍာငွေများ အသုံးပြုမှုကို စနစ်တကျဖြစ်စေရေးတို့အတွက် အထောက်အကူဖြစ်စေမည့်အပြင် အစိုးရနှင့် ပြည်သူအကြား ယုံကြည်မှုကို တည်ဆောက်ပေး နိုင်မည်ဖြစ်ပါသည်။

### ရည်ရွယ်ချက်

၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ အဂတိ လိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit – CPU)ကို အောက် ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခြင်းဖြစ်ပါသည်–

(က) ပြည်သူတစ်ဦးချင်းအပေါ်သို့ကြီးမားစွာတိုက်ရိုက်သက်ရောက်နေသော ဖိစီးမှုများ ဖြစ်ပေါ်စေသည့် အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန်။

(ခ) နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ လုပ်ဆောင်ပေး နေသော ဝန်ဆောင်မှုများကို ပြည်သူလူထုထံသို့ ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန်။

## ရည်မှန်းချက်တာဝန်

၄။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် အောက်ဖော်ပြပါ ရည်မှန်းချက်တာဝန်(၃)ရပ်ကို (Mandatory Functions)ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါသည်-

(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊

(ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊

(ဂ) အဂတိလိုက်စားမှုဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်

## အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU) ဖွဲ့စည်းထားရှိမှု

၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနရှိ ဝန်ထမ်းများ၏ အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင်(၂၀)ဦးပါဝင်သော အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)ကို (၆-၇-၂၀၂၀) ရက်စွဲပါ ရုံးအမိန့်စာအမှတ်၊ ၄၃၄/၂၀၂၀ ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းခဲ့ပါသည်-

| | | |
|---|---|---|
| (က) | ဦးမြင့်ဇင်ထူး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ညွှန်ကြားရေးမှူး<br>မွေးမြူရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူး<br>ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူး<br>ကြီးကြပ်ရေးနှင့်အခွန်ဌာနခွဲ | အဖွဲ့ဝင် |
| (င) | တိုင်းဒေသကြီးဦးစီးဌာနမှူး<br>နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်နယ်ဦးစီးဌာနမှူး<br>ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်နယ်ဦးစီးဌာနမှူး<br>ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |

(ဇ) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ကရင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(ဈ) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(ည) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(ဋ) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(ဌ) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(ဍ) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
မကွေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(ဎ) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(ဏ) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(တ) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(ထ) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(ဒ) ပြည်နယ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
ရှမ်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန

(ဓ) တိုင်းဒေသကြီးဦးစီးဌာနမှူး — အဖွဲ့ဝင်
ဧရာဝတီတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန

(န) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနခွဲ

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)၏ လုပ်ငန်းတာဝန်များ**

၆။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် မိမိတို့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) အကြံပြုစာများနှင့် ဌာနတွင်းသတင်းပို့တိုင်ကြားမှုကို လက်ခံဆောင်ရွက်ခြင်း။

(ခ) အကြံပြုစာ၊ တိုင်ကြားစာများ ပေးပို့နိုင်ရေးအတွက် အကြံပြုစာတိုက်ပုံးများ (Suggestion Box) ထားရှိခြင်း။

(ဂ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်အတွက် နိုင်ငံ့ဝန်ထမ်း ဥပဒေအရ စုံစမ်းစစ်ဆေးခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေအရ လွှဲပြောင်းပေးသည့်ကိစ္စရပ်များကို ဆောင်ရွက်ခြင်း၊

(ဃ) ဌာန၏ တည်ဆဲဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ဌာနအကြီးအကဲမှတဆင့် ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြခြင်း။

(င) ဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နည်းဥပဒေများကို အသိပညာပေးခြင်း။

(စ) ဌာန၏ တည်ဆဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှုများကို ဆန်းစစ်လေ့လာခြင်း။

(ဆ) ဌာနတွင်း စာရင်းစစ်ဆေးခြင်းနှင့် ဘဏ္ဍာငွေသုံးစွဲခြင်းများကို စောင့်ကြည့်လေ့လာခြင်း။

(ဇ) ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ/မရှိ အမြဲမပြတ်စောင့်ကြည့်ခြင်း။

(ဈ) လက်ဆောင်ပစ္စည်း လက်ခံရယူခြင်းနှင့်ပတ်သက်၍ စနစ်တကျမှတ်ပုံတင်ထားရှိ၍ နိုင်ငံတော်သမ္မတရုံး၏ လက်ဆောင်ပစ္စည်းရယူခြင်းဆိုင်ရာ လမ်းညွှန်ချက်များနှင့် အညီဖြစ်စေရေး အမြဲမပြတ်စောင့်ကြည့်ခြင်း။

(ည) အဂတိလိုက်စားမှု ဆက်လက်မဖြစ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားနိုင်ရန် အတွက် အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနှင့် စစ်တမ်း တွေ့ရှိချက် ဆန်းစစ်လေ့လာချက်အပေါ်မူတည်၍ တားဆီးကာကွယ်ရေးစီမံချက် များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

( ၃) ဌာနနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုရယူသော ပြည်သူများအား အဂတိလိုက်စားမှုနှင့်ပတ်သက်၍ အခါအားလျော်စွာ အသိပညာပေးခြင်း။

( ၄) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ လစဉ်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း။

**အဂတိလိုက်စားမှုတားဆီးရေးလုပ်ငန်းအဖွဲ့ (CPU Working Group) ဖွဲ့စည်းထားရှိမှု**

၇။ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် မိမိတို့၏ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ကို(၁-၇-၂၀၂၂) ရက်စွဲပါရုံးအမိန့်စာအမှတ် ၄၅၂/၂၀၂၂ ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်-

(က) **ဖွဲ့စည်းမှု**

| | | |
|---|---|---|
| (၁) | ဦးညွန့်ခင်<br>ညွှန်ကြားရေးမှူး<br>စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနခွဲ | အဖွဲ့ခေါင်းဆောင် |
| (၂) | ဦးနိုင်ဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>စီမံရေးရာဌာနစု | အဖွဲ့ဝင် |
| (၃) | ဦးမျိုးမင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာနစု | အဖွဲ့ဝင် |
| (၄) | ဦးအောင်ကျော်ထွန်း<br>လက်ထောက်ညွှန်ကြားရေးမှူး<br>စီမံရေးရာဌာနစု | အဖွဲ့ဝင် |
| (၅) | ဒေါ်သန္တာ<br>ဦးစီးအရာရှိ<br>စီမံရေးရာ(အုပ်ချုပ်မှု)ဌာနစု | အဖွဲ့ဝင် |
| (၆) | ဒေါ်စိုးထက်ထက်အောင်<br>ဦးစီးအရာရှိ<br>ဥပဒေရေးရာဌာနစု | အဖွဲ့ဝင် |

(၇) ဦးနေဦးလွင် အဖွဲ့ဝင်
ဦးစီးအရာရှိ
စီမံရေးရာ(အကျိုးခံစားခွင့်)ဌာနစု

**အဂတိလိုက်စားမှုတားဆီးရေးလုပ်ငန်းအဖွဲ့(CPU Working Group)လုပ်ငန်းတာဝန်များ**

၈။ အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်-

(၁) **သတင်းစုံစမ်းရေးနှင့်တားဆီးကာကွယ်ရေး**

(၁) ဌာနများတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေရှိသော နယ်ပယ်များကို လေ့လာဆန်းစစ်ခြင်း။

(၂) သတင်းမီဒီယာနှင့် Online မှ အချက်အလက်များ ရယူစုံစမ်းခြင်း။

(၃) ပြည်သူများအကြား ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုနှင့် ပတ်သက်သော သတင်းများရယူခြင်း။

(၄) ရုံးဌာနအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ သတင်းများရယူခြင်း။

(၅) ဌာနတွင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာများ ပညာပေး ဆွေးနွေးပို့ချခြင်း။

(၆) အဂတိလိုက်စားမှုဆိုင်ရာ သတင်းများကို အများပြည်သူများ သိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း။

(၇) ဝန်ထမ်းများ၏ ရိုးသားဖြောင့်မတ်သည့် စိတ်ဓါတ်ကို ပိုမိုမြှင့်တင်နိုင်ရန်နှင့် လေ့ကျင့်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ခြင်း။

(၈) ဌာနများတွင် ပွင့်လင်းမြင်သာမှု၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များ၊ အမိန့်များကို ပွင့်လင်းမြင်သာမှုရှိအောင် သတိပေး ထုတ်ပြန်ခြင်း။

(၉) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် ပြည်သူများထံမှ အကြံဉာဏ်များ ကြိုတင်ရယူခြင်း။

(၁၀) ဌာနတွင်းရှိ ဝန်ထမ်းများအား တာဝန်ယူမှု၊ တာဝန်ခံမှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် စီစဉ်ဆောင်ရွက်ခြင်း။

( ခ) **ဌာနဆိုင်ရာစစ်ဆေးရေး**

(၁) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ လွှဲပြောင်းပေးပို့လာသော ဌာနဆိုင်ရာအရေးယူနိုင်သည့် ပြစ်မှုများအား ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း၊ နိုင်ငံ့ဝန်ထမ်းနည်း ဥပဒေများအတိုင်း ဦးစီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)သို့ တင်ပြခြင်း။

(၂) ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်ပါက ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ (PE) သို့မဟုတ် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးရေးအဖွဲ့(DE) ဖွဲ့စည်းရန် တင်ပြခြင်း။

(၃) အရေးယူခံရသော ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ (DE) ဆောင်ရွက်ခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ပုဒ်မ(၁၉၂)မှ (၂၁၇) ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း။

(၄) ဝန်ထမ်းမှ အယူခံဝင်ခြင်းဆောင်ရွက်ပါက နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေပုဒ်မ (၂၁၈)မှ (၂၂၈)ပါအတိုင်း လိုက်နာဆောင်ရွက်မှုအပေါ် စိစစ်ဆောင်ရွက်ခြင်း။

(၅) ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာကို စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(CPU)ထံတင်ပြခြင်း။

( ဂ) **ပညာပေးရေးနှင့် မှတ်တမ်းတင်အစီရင်ခံရေး**

(၁) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို ဝန်ထမ်းများအားလုံး သိရှိအောင် ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ခြင်း။

(၂) ဌာနအလိုက်ဝန်ထမ်းများအား လူ့တန်ဖိုး၊ ဝန်ထမ်းတန်ဖိုး၊ ဌာန၏ မူဝါဒ၊ ရည်မှန်းချက်တို့ကို သိရှိနားလည်စေရန်အတွက် လေ့ကျင့်သင်ကြားပေးရန လိုအပ်ပြီး အဂတိလိုက်စားမှုနှင့် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးများအား ပညာပေးဆောင်ရွက်ခြင်း။

(၃) အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် အသိပညာပေးဆောင်ပုဒ်များအား ရုံး၊ ဌာနများ၏ ထင်သာမြင်သာရှိသည့် နေရာများတွင် ထားရှိဆောင်ရွက်ခြင်း။

(၄) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အသိပညာပေး ဆိုင်ရာသတင်းအချက်အလက်များရယူ၍ ဌာနများသို့ ပြန်လည် ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(၅) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့်သက်ဆိုင်သော အဂတိ လိုက်စားမှုပြဿနာများ လျော့ပါးစေရေးအတွက် ပညာပေး ဆွေးနွေးခြင်းနှင့် သင်တန်းပို့ချခြင်းများ ဆောင်ရွက်ခြင်း။

(၆) ဌာနအလိုက် အဂတိတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ ကို ဝန်ထမ်းများအား အသိပေးခြင်း၊ ပြည်သူများသိရှိ အောင် ဌာန၏ Website တွင် ဖော်ပြပေးခြင်းများ ဆောင်ရွက်ခြင်း။

(၇) ဌာနအလိုက် အဂတိတားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ အား လစဉ်တောင်းခံ၍ မှတ်တမ်းထားရှိခြင်း။

(၈) ဝန်ကြီးဌာန အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ ဌာနအလိုက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့၏ လုပ်ဆောင်ချက်များအား တောင်းခံလာပါက အစီရင်ခံစာအား စနစ်တကျပြုစုတင်ပြခြင်း။

**နိဂုံး**

၈။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် ဤလုပ်ငန်းလမ်းညွှန်(Terms of Reference – TOR) နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းအားဖြင့် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးအဖွဲ့၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု ရှိခြင်း၊ တာဝန်ယူမှုရှိခြင်းနှင့် တုံ့ပြန်ဖြေကြားမှုရှိခြင်း စသည့်အင်္ဂါရပ်များနှင့် ပြည့်စုံပြီး အဂတိလိုက်စားမှုပြဿနာများကို ကြိုတင်ကာကွယ်တားဆီးနိုင်ခြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်မှုများ ပိုမိုရရှိလာစေမည်ဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ငါးလုပ်ငန်းဦးစီးဌာန

# အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့

## (Corruption Prevention Unit– CPU)

## ၏

# လုပ်ငန်းလမ်းညွှန်

## (Terms of Reference – TOR)

ရက်စွဲ၊ ၂၀၂၂ခုနှစ်၊ ဇူလိုင်လ ၁ ရက်